# လေ့လာမှုလမ်းညွှန်
# ရှင်ပေါလု၏စာစောင်များကို လေ့လာခြင်း
# မော်ဂျူးလ် တစ် – ပေါလုနှင့်သူ၏ဓမ္မပညာ

ညွှန်ကြားချက်များ- လေ့လာမှုလမ်းညွှန်တစ်ခုစီကို မော်ဂျူးလ်တိုင်းတွင်ပါဝင်သော အဓိကအမျိုးအစားများနှင့် ကိုက်ညီသောအပိုင်းများအဖြစ် ခွဲခြားထားပါသည်။ အပိုင်းများတွင် အဓိကအစိတ်အပိုင်းနှစ်ခု ပါဝင်သည်။ **မှတ်စုများမှတ်သားရန်အကြမ်းဖျဉ်းဖော်ပြချက်** နှင့် **ပြန်လည်သုံးသပ်ချက်မေးခွန်းများ** ဖြစ်သည်။ သင့်အနေဖြင့်၊ ဗီဒီယိုပို့ချချက်များအားကြည့်ရှုနေစဉ် **မှတ်စုများမှတ်သားရန် အကြမ်းဖျင်းဖော်ပြချက်**ကိုအသုံးပြုပြီး၊ သင်ရိုးဆိုင်ရာဉာဏ်စမ်းပဟေဠိ ပြင်ဆင်ရန်အတွက် **ပြန်လည်သုံးသပ်ချက်မေးခွန်းများ**ကို ဖြေဆိုရမည်ဖြစ်သည်။ လေ့လာမှု လမ်းညွှန်များအား အသုံးပြုခြင်းဆိုင်ရာ အကောင်းဆုံးနည်းလမ်းများနှင့် ပတ်သက်၍ နောက်ထပ် အချက်အလက်များအတွက်၊ ကျောင်းသားလမ်းညွှန်လက်စွဲစာအုပ်ကို ပြန်လည်ကိုးကားပါ။ ထို့အပြင်၊ လေ့လာမှုလမ်းညွှန်များသည် ဤသင်ခန်းစာ၏ နောက်ဆုံးစာမေးပွဲပြင်ဆင်ရန်အတွက် အကောင်းဆုံး အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ၎င်းတို့ကို သေချာစွာသိမ်းဆည်းပါ။

*********************************

## မှတ်စုများမှတ်သားရန်အကြမ်းဖျဉ်းဖော်ပြချက်

I. ယဉ်ကျေးမှုဆိုင်ရာနောက်ခံ

A. ယုဒလူမျိုးတို့၏ယဉ်ကျေးမှု

B. တပါးအမျိုးသားတို့၏ယဉ်ကျေးမှု

## ပြန်လည်သုံးသပ်ခြင်းမေးခွန်းများ

1. ယုဒလူမျိုးတို့၏ယဉ်ကျေးမှုသည် သူ့အပေါ် မည်သို့လွှမ်းမိုးခဲ့ကြောင်း ရှင်းပြပါ။

2. ပေါလု မပြောင်းလဲမီ မတူညီသောနေရာများတွင် နေထိုင်ခဲ့သည်ကို ရှင်းပြပါ။

3. ပေါလုသည် မည်သည့်ယုဒအယူဝါဒကို ခိုင်မြဲစွာ ကိုင်စွဲထားခဲ့သနည်း။

4. ပေါလုသည် မည်သည့်နိုင်ငံသားဖြစ်ခဲ့သနည်း။

5. တပါးအမျိုးသားများ၏ မည်သည့်ဩဇာလွှမ်းမိုးမှုမျိုး ပေါလုခံခဲ့ရသည်ကို ရှင်းပြပါ။

6. ကယ်တင်ခြင်းအစီအစဉ်တွင် ယုဒများနှင့် တပါးအမျိုးသားများကြားဆက်ဆံရေးအကြောင်း ပေါလုသည်သူ၏စာများတွင် မည်သည့်အရာသွန်သင်ခဲ့သနည်း။

7. ပေါလု၏ဓမ္မပညာကိုနားလည်ရန် သူ၏ယုဒလူမျိုးနောက်ခံအပြင် သူ၏တပါးအမျိုးသားယဉ်ကျေးမှုနောက်ခံကိုမြင်ရန် အဘယ်ကြောင့်အရေးကြီးသနည်း။

## မှတ်စုများအတွက် အကြမ်းဖျဉ်းဖော်ပြချက်

II. တမန်တော်ဆိုင်ရာအမှုတော်

A. အရိုက်အရာ

B. အမှုတော်

1. ပထမခရီးစဉ်

2. ဒုတိယခရီးစဉ်

3. တတိယခရီးစဉ်

4. စတုတ္ထခရီးစဉ်

C. ရေးသားချက်များ

## ပြန်လည်သုံးသပ်ခြင်းမေးခွန်းများ

1. တမန်တော် ၁:၂၁-၂၆ အရ တမန်တော်တစ်ဦးအတွက် အရည်အချင်းများကား အဘယ်နည်း။

2. ပေါလုသည် ဤအရည်အချင်းများနှင့် မည်သို့ကိုက်ညီကြောင်း ရှင်းပြပါ။

3. ပေါလု၏တမန်တော်ဖြစ်ခြင်းက သူ့အား အခွင့်အာဏာနှင့် တရားဝင်မှုကို မည်သို့ ပေးခဲ့သည်ကို ရှင်းပြပါ။

4. ပေါလု၏ သာသနာပြုခရီးစဉ်တစ်ခုစီ၏ အဓိကအသေးစိတ်အချက်အလက်များကို ဖော်ပြပါ။

5. ရောမမြို့တွင် ဖမ်းဆီးခံရပြီးနောက် ပေါလု၏ ဖြစ်နိုင်ခြေခရီးစဉ်များနှင့် သူ၏သေဆုံးခြင်းအကြောင်း ထုံးတမ်းစဉ်လာက မည်သို့ပြောသနည်း။

6. ပေါလု၏စာစောင်များ၏ အဓိကရည်ရွယ်ချက်ကား အဘယ်နည်း။

7. Dr. Kidd ရှင်းပြထားသည့်အတိုင်း ရောမဩဝါဒစာ၏အဓိကအပိုင်းများကို ဖော်ပြပါ။

8. ပေါလုသည် သူ၏စာစောင်များတွင် ဓမ္မပညာစနစ်တစ်ခုကို ဖော်ပြခြင်းရှိမရှိကို Dr. Kidd ၏ အမြင်ကို ရှင်းပြပါ။

## မှတ်စုများအတွက် အကြမ်းဖျဉ်းဖော်ပြချက်

III. အဓိကအမြင်များ

A. ပြုပြင်ပြောင်းလဲရေး

B. နောက်ဆုံးသောကာလဆိုင်ရာ

1. အသုံးအနှုန်း

2. ဖွဲ့စည်းပုံ

3. ပတ်သက်မှုများ

## ပြန်လည်သုံးသပ်ခြင်းမေးခွန်းများ

1. ပေါလု၏ဓမ္မပညာကို အလေးပေးသော ပရိုတက်စတင့်ဓမ္မပညာရှင်များ၏အမြင်ကို ဖော်ပြပါ။

2. ပေါလု၏ဓမ္မပညာကို အလေးပေးသော Dr. Kidd ၏ရှင်းပြပုံအား ဖော်ပြပါ။

3. "ordo salutis" နှင့် "*historia salutis*" ကိုခွဲခြားပြပါ။

4. နောက်ဆုံးသောကာလဆိုင်ရာ ယုဒလူတို့၏အမြင်ကိုဖော်ပြပါ။

5. ပေါလုသည် နောက်ဆုံးသောကာလဆိုင်ရာ ယုဒလူတို့၏အမြင်ကို မည်သို့ပြုပြင်ခဲ့သည်ကို ရှင်းပြပါ။

6. Dr. Kidd ကိုးကားထားသော ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာအမြင်ကိုပြသသည့် အဓိကကျမ်းပိုဒ်များကိုရေးပါ။

7. နောက်ဆုံးသောကာလဆိုင်ရာ ဖြစ်ပြီးခဲ့သော အသွင်အပြင်များနှင့် မဖြစ်သေးသော အသွင်အပြင်များကို ဖော်ပြပါ။

8. ကျွန်ုပ်တို့၏အနာဂတ်မျှော်လင့်ချက်နှင့်ပတ်သက်၍ Dr. Kidd ကိုးကားခဲ့သော အဓိကကျမ်းပိုဒ်များကို ရေးပါ။



*အခြားအရင်းအမြစ်များအတွက်၊ ကျေးဇူးပြု၍ တတိယထောင်စုနှစ်အမှုတော်များ thirdmill.org တွင် ဝင်ရောက်ကြည့်ရှုပါ။*